# ဓမ္မခန္ဓာ (၁၁၃) လင်းရောင်ခွဲထွက်ချိန် (အလ်–ဖလာ့က်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၀)၊ သုတ်ဒေသနာ (၅)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | قُلْ أَعُوذُ بِرَبِّ الْفَلَقِ۞<br>ဟောလော့ “ကျွန်ုပ်သည် လင်းရောင်ခွဲထွက်ချိန်၏ ကံကြမ္မာရှင်ထံ၌ ခိုလှုံသည်မှာ– |
| ၂။ | مِن شَرِّ مَا خَلَقَ۞<br>ဖြစ်တည်ပေးထားခြင်း အရာများအနက် မကေင်းမှုများမှ ကင်းရန်–[၁၂၁၈] |
| ၃။ | وَمِن شَرِّ غَاسِقٍ إِذَا وَقَبَ۞<br>အမှောင်ကြီး–ကျရောက်စဉ် ၎င်း၏ မကောင်းမှုများမှ ကင်းရန်။ |
| ၄။ | وَمِن شَرِّ النَّفَّاثَاتِ فِي الْعُقَدِ۞<br>အယူသီးသူများ၏ စိတ်ဓါတ်ရိုက်သွင်းခြင်း မကောင်းမှုများမှ ကင်းရန်။[၁၂၁၉] |
| ၅။ | وَمِن شَرِّ حَاسِدٍ إِذَا حَسَدَ۞<br>မနာလိုသူများက မနာလိုဖြစ်စဉ် ထိုမကောင်းမှုများမှ ကင်းရန်၊– ဖြစ်၏။ |

---

(၁၂၁၈) “ဖြစ်တည်ပေးခြင်း နိယာမများ အနက် မကောင်းမှုများမှ ကင်းရန် ထိုအရှင်၏ ထံ၌ ခိုလှုံပါ၊”ဟု ဆိုသည်မှာ လူသားသည် မိမိအား ချီးမြှင့်ထားသော အသိဉာဏ် **ရူးဟ်** အား စနစ်တကျ အသုံးပြုတတ်စေရန် ထိုအရှင်၏ ထံ၌ ခိုလှုံခြင်း ဖြစ်သည်ဟု ဖြစ်ပေသည်။ ဆိုလိုသည်မှာ ပရမတ်ဘုရားရှင်သည် လောက အတွက် လိုအပ်သမျှကို စတစ်တကျ ဖြစ်တည်ပေးထား၍– ထိုဖြစ်တည်ပေးထားသော အရာ တစ်ခုစီတွင် ကိုယ်ပိုင် ဂုဏ်သတ္တိများကို ထည့်ပေးထားပေသည်။ ထိုအရာများကို မှီတည်နေရသော လူသားသည် ထိုအရာ တစ်ခုစီမှ ဂုဏ်သတ္တိများကို စနစ်တကျ အသုံးပြုတတ်ရန် အရေးကြီးသည်။ ဥပမာအားဖြင့် အရှင်က ဖြစ်တည်ပေးထားသော အရာများမှ “မီး” တွင် အပူဓါတ်၊ လောင်ကျွမ်းစေသော သတ္တိများ ပါဝင်စေပေသည်။ ထိုမီးအား လူသားက စနစ်တကျ သုံးတတ်လျှင် အကျိုးဖြစ်စေ၍– စနစ်တကျ မသုံးတတ်လျှင် ဘေး ဖြစ်နိုင်ပေသည်။ သို့ဘေးဖြစ်စေခြင်းမှာ– ပရမတ်ဘုရားကြောင့် မဟုတ်ချေ။ အသုံးပြုရန် ခွင့်ပြုခြင်းခံရသော လူသား၏ ပေါ့ဆမှုကြောင့်၊ သို့မဟုတ် အလွဲသုံးစား အသုံးပြုမှုကြောင့်ပင် ဖြစ်ပေသည်။ သို့ဖြစ်၍– ဖြစ်တည်ပေးထားသော အရာတို့၏ ဂုဏ်သတ္တိများကို အသုံးပြုတတ် စေရန်ဟု ဖြစ်ပေသည်။

(၁၂၁၉) **နားဖာသွားတိ မှာ** သူသည် မှုတ်သွင်း၏ ဟု အနက်ကိုပေးသော **နာဖတ်သ်** မှ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။ ထိုစကားလုံးမှာ **နာဖာသွား ဖီး ကာလ်ဗိဟီ–** ဆိုသည်မှာ သူ့၏ စိတ်နှလုံးတွင်းသို့ တစ်စုံတစ်ခုကို သွပ်သွင်းခြင်း ဖြစ်သည်ဟု (E. W. Lane အာရ်ဗီ အင်္ဂလိပ် ဝေါဟာရတ္ထပကာသနီ)နှင့် အခြားသော ကျမ်းပေါင်းများစွာတွင် ဖော်ပြထားပေသည်။ ထို့ကြောင့် **နားဖာသွားဟိ** ဆိုသည်မှာ– မန်းမှုတ်ခြင်း မဟုတ်ချေ။ စိတ်ဓါတ်ရေးရာ ပုံသွင်းလိုက်ခြင်းကို ဆိုလိုပေသည်။ **အိုကားဒ်** ဆိုသည်မှာ ချည်နှောင်သည်၊ တစ်စုံတစ်ယောက်၏ အရေးအရာအား စဉ်းစား သုံးသပ်လျှက် အခိုင်အမာ ဆုံးဖြတ်သည်—ဟူသည့်၊ လေ့နံ့ခါးထစ် ရပ်တည်ခြင်းမျိုးကို ခေါ်ပေသည်။ သို့ဖြစ်၍ ဤနေရာ၌ အယူသီးသူများဟု ပြန်ဆို ခြင်း ဖြစ်ပေသည်။ **နားဖာသွားဟ်** သည် အများကိန်း အစုအဝေးကို ပြောဆိုသော စကားလုံးဖြစ်၍ အမျိုးသမီးများသာ ဖြစ်ရမည်ဟု ပြောဆို၍ မရပေ။ သို့ဖြစ်၍ ဤဓမ္မခန္ဓာတော်က ဉာဏ်ပညာအား စနစ်တကျ သုံးတတ်ရန် (၂) မိရိုးဖလာ အမှောင်ထုကြီးမှ ကင်းလွတ်ရန် (၃) အယူသီးသူတို့၏ ဝါဒမှိုင်းတိုက်ခံရခြင်းမှ ကင်းလွတ်ရန် (၄)၊ မနာလို ဖြစ်တတ်သူတို့၏ မနာလိုဖြစ်ခံရခြင်းမှ ကင်းလွတ်ရန်(၅)– ဉာဏ်ပညာအလင်းရောင်ကို ပေးသော ကံကြမ္မာရှင်ထံ၌ ခိုလှုံပါ၏–ဟု ဖြစ်ပေသည်။